# ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်

# ညောင်တုန်းမြို့နယ်

# ဂန်ချောင်းကျေးရွာအုပ်စု၊ ဂန်ချောင်းကျေးရွာ

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၁၇-၂၀၁၈)**

**(ကျေးရွာ၏လက်ရှိအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)**

**စီမံကိန်းပြုစုရေးသားသည့်အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**(ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)**

**၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ**

**မာတိကာ**

မာတိကာ ၁

စကားချီး ၆

ဂန်ချောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ညောင်တုန်းမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

၉

**၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၉

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

၁၂

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၂၁

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ**

၂၂

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ** ၂၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ** ၂၉

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်**

**အစီအစဉ်များ** ၃၁

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၃၃

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၆

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာနေအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စု များ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ

ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ**

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ **အဖြစ်များသော** ရောဂါများ

**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ(၂)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၈၀

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)**

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၈၄

**ကိုးကားစာရင်း** ၉၂

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဂန်ချောင်း ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များ ကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏန်း၊

အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင် သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက် ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ ၏ အသေးစိတ် အချက်အလက်များ ပါဝင် ပါသည်။

စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဂန်ချောင်းကျေးရွာ

ညောင်တုန်းမြို့နယ်

**ဂန်ချောင်းကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်တုန်းမြို့နယ်**



**ရည်ညွှန်း** - ဂန်ချောင်းကျေးရွာ၊ ဂန်ချောင်းကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်တွင် ပြုလုပ်သော ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၂၄ရက်)

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ

ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါ သည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက် များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်

ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေး ရွေးချယ် ဆောင်ရွက် ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ညောင်တုန်းမြို့သည် မအူပင်ခရိုင်၊ဧရာဝတီတိုင်းတွင် တည်ရှိပြီး မြောက်လက်တ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် မှ ၁၇ ဒီဂရီ ၅၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ်မှ ၉၅ ဒီဂရီ ၅၅ မိနစ် ကြားတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၃၄၈.၂၃ စတုရန်းမိုင် (၂၂၈၆၈ ဧက) ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၂.၃)မိုင်၊ တောင်မှ မြောက်သို့ (၂၃.၀၀)မိုင် ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေတွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ် မြေပြန့်ဒေသဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်းအိုင်များပေါများပြီး ဧရာဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များ တည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် တွံ့တေးမြို့နယ်၊ အနောက်ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံ့တေးမြို့နယ်နှင့် မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့နှင့် ထိစပ်လျှက်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ °C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၁၂ °C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၉၄.၉၈) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ဂန်ချောင်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဂန်ချောင်း ကျေးရွာသည် ညောင်တုန်းမြို့နယ်၊ ထိပ်ဝကြီးကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဂန်ချောင်းကျေးရွာသည် ရန်ကုန်-မအူပင် ကားလမ်းဘေးတွင် တည်ရှိပါသည်။ ညောင်တုန်းမြို့နှင့် (၁၅)မိုင်ခန့်ကွာဝေးပါသည်။ ရန်ကုန်မြို့နှင့် (၃၉) မိုင်ခန့်ဝေးကွာပါသည်။ ပတ်ဝန်း ကျင်ကျေးရွာများမှာ ထုံးဝကျေးရွာ၊ မာယူချောင်းဖျားကျေးရွာ တို့ဖြစ်ကြပါသည်။ ဂန်ချောင်းကျေးရွာသည် ကိုင်းလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့ကို အဓိက လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်များ**

ဂန်ချောင်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်သည့်အပြင် ရေချိုငါးဖမ်းလုပ်ငန်းများ ကိုလည်း ရာသီအလိုက် အနည်းငယ် လုပ်ကိုင်ကြ ပါသည်။ သဘာဝဆေးဖက်ဝင်အပင်အချို့လည်း ပေါက်ရောက်ကြ ပါသည်။ အသုံးပြု များသော အပင်များမှာ လောက်သေရွက်၊ သက်ရင်းကြီး၊ ဆင်ထုံးမနွယ် စသည်တို့ အနည်းငယ်ပေါက်ရောက်ပါသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ဂန်ချောင်းကျေးရွာတွင် အိမ်ထောင်စု(၂၁၄) စုရှိပြီး လူဦးရေစုစုပေါင်း (၈၂၆) ဦးခန့် ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၃.၉) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် လျော့နည်းနေပါသည်။ အသက် ၁၅နှစ်မှ ၆၀နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၀%) ရှိပြီး ၁၅ နှစ်အောက်

လူဦးရေ နှင့် အသက်၆၀နှစ်အထက် လူဦးရေ စုစုပေါင်း (၃၀) ရာခိုင်နှုန်းသည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် လူသား အရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါ သည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

**ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၇၀%)ခန့်မှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၁၁) စုရှိပြီး ကိုင်း(၁၀) ကေအထက် ပိုင်ဆိုင် သူများဖြစ်ကြပါသည်။ အိမ်အနေအထားမှာလည်း တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းဖြစ် ပြီး လယ်ယာသုံးကရိယာများ အသင့်အတင့် ရှိကြပါသည်။ အလယ်အလတ် အိမ်ထောင်စုမှာ (၄၉) ဝန်းကျင်ခန့်ရှိပြီး ကိုင်း (၅)ကေမှ (၁၀) ကေကြား ပိုင်ဆိုင်ကြသူများဖြစ်ပြီး ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး အိမ်အမျိုးအစားဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံးကရိယာများ အသင့် အတင့်ရှိကြပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြား သော်လည်း အကြွေးတင်ရှိမှုမရှိသလောက် ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ (၁၃၁) စုခန့်ရှိပြီး ကိုင်း (၅) ကေအောက် ပိုင်ဆိုင်ပြီး အချို့မှာ မြေယာမဲ့များ ဖြစ်ကြပါသည်။ လယ်ယာသုံးကရိယာ ပိုင်ဆိုင်မှုနည်းပြီး အိမ်အခြေ အနေမှာ ပျဉ်းခင်း၊ ထရံကာ၊ ဓနိမိုးများ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ (၂၃) စုခန့်ရှိပြီး မြေယာမပိုင်ဆိုင် သူများ ဖြစ်ကြပါသည်။ ကျေးရွာ အိမ်ထောင်စု၏ (၅၀%) မှာ ကျပန်း လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။**

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ဂန်ချောင်းကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုနှင့်ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု စုစုပေါင်း (၃၀%)၏ အိမ်ထောင်စု(၄၆) စုရှိသည့်အနက် (၁၄) အိမ်ထောင်စုမှာ (၃) လအောက် ချေးငှါးခြင်းမပြုဘဲ ထမင်းပုံမှန် နပ်မှန်အောင်စားသောက် နိုင်ပြီး (၃၂) အိမ်ထောင်စုမှာ ၃လမှ ၅လအထိ ဝမ်းစာဖူလုံမှုရှိပြီး ချေးငှါးခြင်းမပြုဘဲ ထမင်းပုံမှန် နပ်မှန် အောင်စားသောက်နိုင်ကြပါသည်။ ၎င်းတို့သည် လုပ်အားအကြွေးယူခြင်း၊ ဆွေမျိုး၊ မိတ်ဆွေ

များနှင့် ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ ခေါက်ပြန်ပေး အကြွေးယူခြင်းအပြင် လုပ်အားခဖြင့် ဝယ်ယူခြင်း၊ အခြားဒေသ များသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်း ကြပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံသော ဆင်းရဲသားတောင်သူများအဖို့ ထိခိုက်မှုများရှိ နိုင်ပါသည်။ ရေဘေးနှင့် ကြုံတွေ့လာလျှင် အနိမ့်ပိုင်းတွင်နေထိုင်သော အိမ်ထောင်(၅၀) ခန့်သည် အခက်အခဲကြုံတွေ့နိုင်ပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွါးပါက ရွာတွင်ကျေးလက် ကျန်းမာရေးဆေးပေး ခန်း (သို့) ကျေးရွာနှင့် (၁၅) မိုင်ခန့်ကွာဝေးသော ညောင်တုန်းပြည်သူ့ဆေးရုံသို့ သွားရောက် ကုသရ ပါသည်။ အရေးပေါ်ကိစ္စရပ်များကို ရန်ကုန်ပြည်သူ့ဆေးရုံသို့ သွားရောက် ကုသပါ သည်။ ကျေးရွာအတွင်းတွင် စက်ရေတွင်း(၁)တွင်းနှင့် လက်နှိပ်တုံကင်များ ရှိသော်လည်း သုံးရေအတွက်သာ အသုံးပြုကြပြီး မြစ်ရေကိုအဓိကထား သောက်သုံးကြသည်။ ကျေးရွာ အတွင်းရှိအိမ်ထောင်စုများမှာ ယင်လုံအိမ်သာကို အသုံးပြုကြသောကြောင့် ကျန်းမာရေး အသိပညာ အသင့်အတင့်ရှိကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ဂန်ချောင်းကျေးရွာတွင် အလယ်တန်း(ခွဲ)ကျောင်းရှိပြီး အလယ်တန်းအဆင့် အောင်မြင်သူများမှာ (၂) မိုင်ခန့်ဝေးကွာသော ချောင်းကြီးအခြေခံ ပညာအထက်တန်း ကျောင်းတွင် သွားရောက် ပညာသင်ကြားကြပါသည်။ ကျောင်းအကျိုး တော်ဆောင်များ၊ ကျောင်းသားမိဘများ အားလုံးပါဝင်သော မိဘဆရာ အသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြသော ကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲများ မရှိပါ။ ကျေးရွာတွင် အထက်တန်း အဆင့်နှင့် ဘွဲ့ရ ဦးရေ အသင့်အတင့် ရှိပါသည်။

ကျေးရွာ၏ တောင်သူများ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး၊ ကွမ်းနှင့် အခြား စိုက်ပျိုးသီးနှံများလည်း ရာသီအလိုက်စိုက်ပျိုးကြပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲစသည် တို့ကိုလည်း တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ရေလုပ်ငန်းလုပ်ကိုင်သူ အနည်းအကျဉ်း

သာရှိပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မှုများမရှိသည့် အိမ်ထောင်စုများ အနေနှင့် ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ၊ လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြ ပါသည်။ ကျေးရွာတွင် အစိုးရဌာနများတွင် လုပ်ကိုင်သော ဝန်ထမ်းအနည်းအငယ် ရှိပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

ဂန်ချောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုများပါသည်။ ပဲစိုက်ချိန်နှင့် ရာသီပေါ်သီးနှံစိုက်ပျိုးချိန်များတွင် အမျိုးသားတစ်ဦးလျှင် ကျပ်(၅၀၀၀) နှင့် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စု (၁၀၀)ခန့်နေ့စားလုပ်ကိုင်ကြပါသည်။ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း အမျိုးသမီးဦးရေ မှာပိုများပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးကြီးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများ ပါဝင်ကြပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာလက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အနေအထားများမှာ ဘုန်းတော်ကြီးကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ ကွန်ကရစ်လမ်း စာသင်ကျောင်းနှင့် အုပ်ချုပ်ရေးမှူးရုံးရှိပါသည်။ ဘုန်းတော်ကြီးကျောင်း ကျေးရွာသူ/သားများ ဆောက်လုပ် လှူဒါန်းထားပြီး တရားရိပ်သာ၊ သိမ်၊ ဆွမ်းစားကျောင်းဆောင်နှင့် ဗိမ္မာန်တို့အားအလှူရှင်မှ ငွေကြေး ဖြင့်လှူဒါန်ပြီး ရွာသူ၊ ရွာသားများမှလုပ်အားဖြင့် ပါဝင်လှူဒါန်းထားကြပါသည်။ ဂန်ချောင်းကျေးရွာကျေးလက် ကျန်းမာရေးဆေးပေးခန်းကိုလည်း ကျေးရွာမှ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့ပါသည်။

ဂန်ချောင်းကျေးရွာရှိ အလယ်တန်းအဆင့်စာသင်ကျောင်းဆောင်အား နိုင်ငံတော်မှ တည်ဆောက်ရန်ရန်ပုံငွေချပေးသော်လည်း မြေနေရာအခက်အခဲရှိသဖြင့် ကျေးရွာရှိဘုန်းကြီး ကျောင်းတွင် ကျောင်းသား/သူများအား ယာယီဖွင့်လှစ် စာသင်ကြားပေးရပါသည်။ စာသင်ကျောင်းဆောင်မရှိသောကြောင့်

ကျောင်းသုံးပရိဘောဂနှင့် စာရေးကိရိယာများ လိုအပ်လျက်ရှိပါသည်။

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့်နီးသော်လည်း လျှပ်စစ်မီးသွယ်တန်းရယူခြင်း မရှိဘဲ ဆိုလာနှင့် ဘက္ထရီကို အဆင်ပြေသလို အသုံးပြုကြသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ဂန်ချောင်းကျေးရွာနေ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ လူငယ်အဖွဲ့တို့မှာ သာရေး၊ နာရေး၊ ဘာသာရေး ကိစ္စရပ်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက် ကြပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ၊ ရွာသားများ ကိုယ်တိုင်ပါဝင် ရွေးချယ်ဖွဲ့စည်း ခဲ့ကြပါသည်။ ဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းအား သက်ဆိုင်ရာ ဦးစီးဌာန၊ ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ကြပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ဂန်ချောင်းကျေးရွာ၏ တောင်သူများအဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး ပဲ၊ ကွမ်းနှင့် အခြားသီးနှံ များကို ရာသီအလိုက် စိုက်ပျိုးကြသည်။ မိုးနှောင်းရာသီနှင့် ဆောင်းရာသီတွင် ဧက (၁၂၀) ခန့် နွေစပါးစိုက်ပျိုးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထောက်ပံ့ သော ချေးငွေမှာ မြေပြင် စရိတ်နှင့် စိုက်ပျိုးစိုက်ရိတ်အထိ အထောက်အကူပြုပြီး ဓါတ်မြေဩဇာနှင့် ရိတ်သိမ်း စရိတ်တို့ အတွက် ပြင်ပလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ကာ ဓါတ်မြေဩဇာ အရောင်းဆိုင်များမှ အတိုးနှုန်း (၃)ကျပ်နှင့် အလွတ်ချေးငွေမှာ အတိုးနှုန်း (၅) ကျပ်အထိ ချေးယူရပါသည်။ အခြားသီးနှံများ ဖြစ်သည့် ဗူး၊ သခွါး၊ ကြက်ဟင်းခါး၊ ခရမ်း၊ ပဲနပြားတို့ကို အိမ်ထောင်စု (၁၀) ခန့်မှ စိုက်ပျိုးကြပါသည်။ ဓာတ်မြေဩဇာနှင့် ဓာတုဆေးများ ဈေးကြီးမှုကြောင့် အမြတ်အစွန်း ရသင့်သလောက်မရပါ။ ကွမ်းရွက်ကို အိမ်ထောင်စု (၃၅) စုခန့်စိုက်ပျိုးပြီး ရောဂါ ကင်းလွတ်သည့် စိုက်ခင်းများတွင် တိုင် (၁၀၀၀) လျှင် တစ်လဝင်ငွေ (၁၀၀၀၀၀) ဝန်းကျင်ခန့် ရရှိပါသည်။ ရောဂါမကာကွယ် နိုင်ပါက အရင်းအနှီးများစွာ ဆုံးရှုံးနိုင်ပါသည်။

ဂန်ချောင်းကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးအနည်းငယ်လုပ်ကိုင်ကြပါသည်။ နွား၊ ကြက်၊ ဝက်၊ ဘဲ မွေးမြူကြပါသည်။ ရေလုပ်သား (၁၀) ဦးခန့်ရှိပြီး ငါးမဖမ်းရသော ကာလများတွင် ကျပန်းလုပ်ကိုင်ကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ဂန်ချောင်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများမှာ **ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ၊ လက်သမား၊ ခေါင်းရွက် ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ အစရှိသည့် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ နေ့စား အလုပ်လုပ်ကိုင်သူများမှာ တစ်နေ့ဝင်ငွေ (၅၀၀၀)မှ (၃၀၀၀) အတွင်းရရှိပါသည်။**

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင်စပါးစိုက်ခင်းတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ် ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ် အစား ဓါတုပိုးသတ်ဆေးများ ကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

ဂန်ချောင်းကျေးရွာသည် အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။ **ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်း ပေးခြင်း၊ ကြိုတင် စီမံပေးခြင်း မရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် နိုင်ရန် အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ ညောင်တုန်းမြို့နယ်၏ နယ်ဆုံးတွင် တည်ရှိ သော်လည်း ရဲကင်း စခန်းမရှိ၍ ဒေသလုံခြုံရေးအတွက် စိတ်ချရမှု မရှိပါ။**

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ဂန်ချောင်းကျေးရွာ၏ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်နှင့် သမဝါယမဦးစီး ဌာနတို့ ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမား

များကိုသာ ထုတ်ချေးပြီး တစ်ကေ လျှင် (၁၅၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။ လယ်သမားများ အနေဖြင့် လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည် ထုတ်ချေးမည် ဆိုပါက ပိုမိုအကျိုးရှိစွာအသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

**ဂန်ချောင်းကျေးရွာရှိ အခြေခံပညာ အလယ်တန်း(ခွဲ)ကျောင်းဆောင်မှာ မြေနေရာ အခက်အခဲရှိခြင်းကြောင့် ယနေ့အချိန်အထိတည်ဆောက်နိုင်ခြင်းမရှိသေးပါ။ သောက်သုံးရေ အတွက် ကျန်းမာရေးနှင့် ညီညွတ်ရန် ရေသန့်စက် တစ်လုံးတပ်ဆင် နိုင်ပါက ပိုမိုကောင်းမွန် ပါသည်။ အလယ်တန်းပြီးသွားသော ကျောင်းသား၊ ကျောင်းသူများမှာ ချောင်းကြီး အခြေခံ ပညာ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားရပါသည်။**

**ကျေးရွာတွင် ကျန်းမာရေးအတွက် ကျန်းမာရေးဆေးပေးခန်း ရှိသောကြောင့် ထုံးဝကျေးရွာတွင်တာဝန်ကျလျက်ရှိသော ကျန်းမာရေးဌာနဝန်ထမ်းမှ တစ်ပတ်(၁)ကြိမ် လာရောက်လျက် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဆေးပညာနှင့် ဟောပြောပွဲများကို ကျင်းပပြီး ကာကွယ်ဆေးများကိုလည်း လစဉ်ထိုးပေးပါသည်။ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးများကို နီးစပ်ရာ ဆေးဆိုင်မှ ဝယ်ယူသုံးစွဲရပါသည်။ အရေးပေါ်အခြေအနေ ဖြစ်ပါက ညောင်တုန်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ကျေးရွာတွင် (၂)လက်မ အဝီစိတွင်းများ လုံလောက်စွာရှိပြီး ကျန်းမာရေးအတွက် သောက်သုံးရန် မသင့်တော်ပါ။ မြစ်ရေကိုအဓိကထားအသုံးပြုလျက်ရှိပါသည်။**

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

**လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဘုန်းတော်ကြီးဦးဆောင်ဆုံးမမှုနှင့် ဝတ်ရွတ်အဖွဲ့သည် ဝါတွင်းကာလ ဥပုသ်နေ့များတွင် ဝတ်ရွတ်ကြပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး လုပ်ငန်း များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလူကြီးများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက် ကြပါသည်။**

**(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ဂန်ချောင်းကျေးရွာ ရွာတွင်း(၁၇၀၀'x၈'x၆")လမ်းအား ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ပြီးဖြစ်ပါသည်။ ကျန်ရှိသော လမ်းအပိုင်းအား သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါသည်။

**ကျေးရွာတွင် နွေရာသီ၌သာ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သောကြောင့် သွားလာရေးအဆင်ပြေပါသည်။ မိုးရာသီတွင် ရေမြုပ်ဒေသဖြစ်၍ ကျန်ရှိသောလမ်းအပိုင်းများအား ဆက်လက်၍ မြေသားတာဖို့နိုင်ရန် လိုအပ်ပါသည်။**

**ကျေးရွာတွင် လျှပ်စစ်မီးရရှိရန်အတွက် ဆိုလာ၊ ဘက္ထရီ၊ ဒီဇယ်အင်ဂျင်များကို အဆင်ပြေသလိုသုံးစွဲနေရပါသည်။ မဟာဓါတ်အားလိုင်းနှင့်နီးသော်လည်း လျှပ်စစ်မီးသွယ်တန်းရန် အခက်အခဲရှိနေသေးသည့်အတွက် လျှပ်စစ်မီးမရရှိသေးပါ။**

**ကျေးရွာတွင် ဖုန်းလိုင်းများနှင့်** TV **၊ ရေဒီယို အစရှိသည့် ဆက်သွယ်ရေး ကိရိယာများကို လွယ်ကူစွာသုံးစွဲနိုင်သောကြောင့် ဆက်သွယ်ရေး ကောင်းမွန်သောကျေးရွာတစ်ရွာဖြစ်ပါသည်။**

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

**ဂန်ချောင်းကျေးရွာသည် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ လူကြီးသူမများ၏ ဆုံးမမှု၊ ကြီးကြပ်မှုဖြင့်**

**အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ ခိုးမှုသည် ကျေးရွာတွင် သာမန်မျှသာဖြစ်ပွားပြီး အခြားအမှုအခင်း ဖြစ်ပွားမှု မရှိပါ။**

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ဂန်ချောင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိပါသည်။ လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းကြသော အလေ့အထ ကောင်းများ လည်းရှိပါသည်။

**(၁) စိုက်ပျိုးရေး**

**ဂန်ချောင်းကျေးရွာတွင် မိုးစပါး၊ နွေစပါး နှစ်သီး စိုက်ပျိုးထုတ်လုပ်နိုင်သည်။ သို့သော် မိုးစပါးကို အနည်းငယ်သာ စိုက်ပျိုးပြီး မတ်ပဲ၊ ကွမ်းနှင့် ရာသီပေါ် သီးနှံများကို စိုက်ပျိုး ကြပါသည်။ လယ်သမား မိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ စပါးအခြေခံရောင်းဝယ်မှု၊ ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်များတွင် ရောင်းဝယ်ဖေါက်ကားသူ စသည်ဖြင့် စပါးထုတ်လုပ်မှုတစ်ခုမှ ကျေးရွာသူရွာသားများ အတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့်ဖူလုံ စေသည်ဟု ဆိုရမည် ဖြစ်ပါသည်။**

**(၂) မွေးမြူရေး**

**ဂန်ချောင်းကျေးရွာတွင် ကြက်၊ ဝက်၊ ဘဲများကို စီးပွားဖြစ်မွေးမြူကြခြင်း မရှိသော်လည်း တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်းအများအတွက် ချေးငွေနှင့် နည်းပညာ ထောက်ပံ့ပေးနိုင်မည် ဆိုပါက အခြေခံလူတန်းစားများအတွက် အဆင်ပြေလာနိုင်မည် ဖြစ်ပါ သည်။**

**(၃) ပညာရေး**

**ဂန်ချောင်းကျေးရွာရှိ စာသင်ကျောင်းမှာ အဆောက်အဦဆောက်လုပ်ရန် အခက်အခဲရှိ သဖြင့် ယနေ့အချိန်ထိ ကျောင်းသား/သူများ စာသင်ကြားရန်အတွက် ကျေးရွာရှိ ဘုန်းကြီး ကျောင်းတွင်ယာယီ ဖွင့်လှစ်ထားရပါသည်။** ဘုန်းကြီးကျောင်းတွင် ယာယီဖွင့်လှစ်ထားသော ကျောင်းမှာ အလယ်တန်းခွဲကျောင်းအဆင့်သာရှိသောကြောင့် အလယ်တန်းပညာရေး သင်ကြားပြီးမြောက်ပါက အထက်တန်းပညာရေးအား ကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသော ချောင်းကြီးကျေးရွာအထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားရပါသည်။

**(၄) ကျန်းမာရေး**

**ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ရှိသောကြောင့် သာမန် အဖျားရောဂါများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူရရှိပါသည်။ ကြီးမား သောရောဂါများအတွက် ညောင်တုန်းမြို့ မအူပင်မြို့ရှိဆေးရုံများသို့ သွားရောက်ကုသ ကြရ ပါသည်။**

**(၅) ငွေကြေး**

**စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှာ အဓိကထားအသက်မွေးမှု ပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း သမဝါယမချေးငွေနှင့် ပတ်မြန်မာမှ ချေးငွေစသည်ဖြင့် ချေးငွေများကို လက်လှမ်းမီသည့် အတွက်ကြောင့် မိမိတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်လျော်သော ရင်းနှီး ငွေပမာဏအား ရရှိနိုင်ပါသည်။**

**(၆) လူငယ်နှင့်ယဉ်ကျေးမှု အခြေအနေ**

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများ အတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်း တို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုး မကင်းကြသူများ ဖြစ်ကြပြီး

ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှုနည်းပါးခြင်းကလည်း ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါသည်။

**(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ဂန်ချောင်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိ သော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ လုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။

(၁) စိုက်ပျိုးရေး

**ဂန်ချောင်းကျေးရွာတွင် စပါးခင်းများ အချိန်မီရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များကို အခြားရွာများမှ ငှါးရမ်းအသုံးပြုရာတွင် လယ်အချင်းချင်း တိုက်ဆိုင်မှုရှိပါက အချိန်ကြာမြင့်မှုရှိသည့်အတွက် ရိတ်သိမ်းချိန်လွန်သည့်အခါများ ရှိသည်ကိုလည်း လေ့လာ တွေ့ရှိရပါသည်။**

**(၂) မွေးမြူရေး**

**ဂန်ချောင်းကျေးရွာအနေဖြင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ငွေကြေး အရင်းအနှီးနှင့် နည်းပညာမရရှိသေးပေ။**

**(၃) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော လုပ်ငန်းများ**

**စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက်ချေးငွေ ရရှိရန် အကန့်အသတ်များရှိခြင်း စသည့်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။**

**(၄) ငွေကြေး**

**ဂန်ချောင်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များ၊ ပတ်မြန်မာစသည်တို့မှ ချေးငွေများ ရရှိသော်လည်း တင်းကျပ်သော ချေးငွေစည်းမျဉ်း စည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများဖြစ်နေဆဲဖြစ်သည်။**

**(၅) လူငယ်များ**

**ကျေးရွာ၏ ဓလေ့မှာ အသက်ကြီးသူများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ လူငယ်များအနေနှင့် အင်တာနက်မှတဆင့် သတင်းအချက် အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည် အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘော တရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ် ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ ဖြစ်ပါသည်။**

**(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

ကျွန်ုပ်တို့ ဂန်ချောင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲကြသောအခါလူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

**(က) ရည်မှန်းချက် ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကို (၂၀၁၈ခုနှစ်မှ ၂၀၂၂ခုနှစ်)အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများတိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိ မည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် **အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသောစပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုး နည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။**

(၂) **လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ**

**ရရှိစေရန် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။**

(၃) **ကျေးရွာအတွင်းရှိ လူငယ်များ၏** အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေး ဝမ်းကျောင်း နည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက် ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသ ထွက်ကုန်များ ဈေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများ ရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်း များအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၅) ကျေးရွာတွင်း လမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများ အတွက် သက်ဆိုင်ရာ ဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာ လူထု လုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၆) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတတ်နိုင်သေး သဖြင့် အမြန်ဆုံးလျှပ်စစ်မီးလင်းနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ်လုပ်ကိုင် ရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင် ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

**(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ**

ဂန်ချောင်းကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင် လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့် ဆည်းပေးခြင်း

ဂန်ချောင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ညောင်တုန်းမြို့နှင့် မဝေးလှသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘော တရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင် ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များ ဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက် ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာ သင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ အခြားဒေသ များတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့်

အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

### (ဓ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါ ပန်းတိုင်များကို ပြီးမြောက် အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ် ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေး ပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော် ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်း တို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များ အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်

အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာန များအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူ ပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှု များအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ် ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)
- 

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အခြား ဝင်ငွေရ လုပ်ငန်းများ*** | | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၁။ အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရေး | ၆၃ | ၆ | • ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း<br>• ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း ပညာများပေးခြင်း ( မုန့်လုပ်၊စက်ပြင်၊ ဆိုင်ကယ်ပြင်)<br>• ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး | |
| ***ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း*** | | | | | |
| **ချေးငွေ လက်လှမ်း မီရေး** | ၂။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ | ၇၉ | ၃ | • ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း | |
| ***ပညာရေး*** | | | | | |

| | | | | |
|---|---|---|---|---|
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၃။ ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက် ရေး | ၈၀ | ၂ | • မူကြိုကျောင်းနှင့်ကလေးအားကစားကွင်း တည်ဆောက်ခြင်း။ စာသင်ကျောင်းဆောင်လိုအပ်ခြင်း။<br>• ရေသန့်စက်များ တပ်ဆင်ပေးခြင်း။ |
| ***ကျန်းမာရေး*** | | | | |
| **ကျန်းမာရေး တိုးတက်လာစေ ရေး** | ၄။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ စေရေး | ၈၅ | ၁ | • ကျေးလက် ကျန်းမာရေးဆေးပေး ခန်းနှင့် ကျန်းမာရေး ဝန်ထမ်းရရှိရန် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ယင်လုံအိမ်သာများ ဆောက်လုပ် အသုံးပြုရန် တိုက်တွန်းခြင်း<br>• ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း |
| ***လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး*** | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၅။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိရန် ချိတ်ဆက် ဆောင်ရွက်ရေး။ | ၇၆ | ၄ | • ကျေးရွာမီးလင်းရေး ကော်မတီ ဖွဲ့စည်းရန်။<br>• သက်ဆိုင်ရာဦးစီးဌာနသို့တင်ပြခြင်း။ |
| ***လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား*** | | | | |
| **လူငယ်များ စွမ်းဆောင်ရည် တိုးတက် လာစေရေး** | ၆။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင် ပေးရေး | ၇၅ | ၅ | • အခြေခံ ခေါင်းဆောင်မှု သင်တန်း။<br>• အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း။<br>• ဆက်ဆံရေးနှင့် ပံ့ပိုးမှု တိုးတက်လာစေရေး သင်တန်း။ |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| **စဉ်** | **စီမံချက်** **(Project)** | **ဦးစားပေးအဆင့်** | **၂၀၁၈** | **၂၀၁၉** | **၂၀၂၀** | **၂၀၂၁** | **၂၀၂၂** |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၁ | Â | | | | |
| ၂ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး | ၂ | Â | | | | |
| ၃ | သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၃ | | Â | Â | | |
| ၄ | မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိရန် ချိတ်ဆက် ဆောင်ရွက်ရေး။ | ၄ | | | | Â | Â |
| ၅ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | ၅ | | | | Â | |
| ၆ | အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | ၆ | | | | Â | Â |

**(ဉ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။

(ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊  ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
|---|---|---|---|---|---|---|
| | | | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | | | | | |
| ၂ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး | | | | | |
| ၃ | သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလ ရှည် ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | | | | | |
| ၄ | မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရရှိရန် ချိတ်ဆက် ဆောင်ရွက်ရေး။ | | | | | |
| ၅ | လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး | | | | | |
| ၆ | အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | | | | | |

